


မြန်မာကနုတ်အကြောင်းအရာများ၊ မြန်မာကနုတ်ပန်းမျိုးစုံတို့ကို လေ့လာသူများအတွက် အထောက်အကူပြုစေရန် စုစည်းတင်ပြထားခြင်း ဖြစ်ပါသည်။

Posted by ဇောင်း

http://www.myanmarsar.org/

PDFပြုလုပ်သူ - မင်းအရိပ် (http://colourful-flatlet.blogspot.com/)

# မြန်မာကနုတ်ပန်း ဆိုသည်မှာ

## *ကနုတ်ပန်း*

ကနုတ်ပန်းဟူသည် အနုပညာရှင်တို့၏ တီထွင်ဖန်တီးမှုအရ ပေါ်ထွန်းလာသော အလှပန်းတစ်မျိုးဖြစ်သည်။ မြန်မာအဘိဓာန်တွင် ကနုတ်ပန်းကို ' ကနုတ်ပန်း၊ န-အနွယ်၊ အခက်၊ အရွက် စသည် ရစ်ပတ်ထွေးယှက်နေသော ပုံသဏ္ဍာန်ရှိသည့် အပြောက်အမွမ်းတစ်အမျိုး ' ဟု ဖွင့်ဆိုထားသည်။

ရှေးဟောင်းသုတေသနဦးစီဌာနကမူ ' ကနုတ်ဆိုသည်မှာ မာဂဓဘာသာစကား - ကုမုဒမှ ကမုဒ၊ ကနုဒ ရွေ့လျောပြီး မြန်မာဝေါဟာရကနုတ်ဖြစ်လာဟန်ရှိပြီး ကြာခွေ၊ ကြာလိပ်၊ ကြာရိုး၊ ကြာစွယ်၊ ကြာရွက်၊ ကြာပွင့်ချပ်၊ ကြာဝတ်ဆံတို့ကို ကွေး၍၊ ကော့၍၊ ခွေ၍၊ လိပ်၍၊ ကောက်၍၊ လိမ်၍၊ ယိမ်း၍၊ ယိုင်၍၊ ချီ၍၊ ချ၍၊ တက်၍၊ ဆင်း၍၊ တွန့်၍၊ ချွန်၍၊ ဖြန့်၍၊ ကား၍ နစ်သက်စဖွယ် အဆန်းတကြယ် ထုခြင်း၊ ထွင်းခြင်း၊ ဆက်ခြင်း၊ ပုံသွင်းခြင်း၊ ရေးခြယ်ခြင်းသဘော ကောက်ယူရန်ရှိသည်ဟု ဖွင့်ဆိုသည်။

ချူးနှင့် ကနုတ်ကို တွဲဖက်ပြီး ချူးကနုတ်ဟူသော အခေါ်အဝေါ်လည်း ရှိသည်။ ချူးနှင့် ပတ်သက်၍ မြန်မာအဘိဓာန်က ' အခွေအနွယ်၊ အခက်အရွက်များ ရစ်ပတ်ထွေးယှက်ဟန် ပြုလုပ်ထားသော အပြောက်အမွမ်း ' ဟု ဖွင့်ဆိုထားပါသည်။

ကနုတ်ဟူသော အသုံးအနှုန်းကို မြန်မာဘာသာတွင် မြန်မာသက္ကရာဇ်၁၂၀၀ကျော် သာယာဝတီမင်းလက်ထက်တွင် အစောဆုံး တွေ့ရှိခဲ့ရသည်။ ချူးဟူသော အသုံးအနှုန်းကိုမူ မြန်မာသက္ကရာဇ်၈၀၀ကျော်တွင် အစောဆုံး တွေ့ရှိရသည်။ ယိုးဒယားဘာသာစကားတွင်လည်း ခနုတ်ဟု ပါရှိရာ ယင်းခနုတ်မှာ မြန်မာကနုတ်နှင့် အဓိပ္ပါယ်တူညီသည်။ ကနုတ်ပန်းအား ယိုးဒယားပန်းဟု အချို့ ခေါ်ဝေါ်ကြသော်လည်း မြန်မာတို့သည် ပျူခေတ်ကတည်းကပင် ကနုတ်ပန်းသဘောမျိုးအား ရေးခြယ်ထွင်းထုနေကြပြီဖြစ်သည်။ ထို့အပြင် ယိုးဒယားကနုတ်နှင့် မြန်မာကနုတ် ကွဲပြားခြားနားပုံကို အောက်ပါဟသာ်တို့တွင် ရေးဆွဲထားသော ကနုတ်တို့အားကြည့်ကာ လေ့လာနိုင်သည်။

## *ကနုတ်၏သဘော*

ကနုတ်၏သဘောမှာ အဓိကအားဖြင့် ကြာငုံကြာဖူး၊ ကြာပွင့်၊ ကြာသီး၊ ကြာရိုး၊ ကြာစွယ်၊ ကြာရွက်၊ ကြာပွင့်ချပ်၊ ကြာဝတ်ဆံတို့ကို ကွေး၍၊ ကော့၍၊ ခွေ၍၊ လိပ်၍၊ ကောက်၍၊ လိမ်၍၊ ယိမ်း၍၊ ယိုင်၍၊ ချီ၍၊ ချ၍၊ တက်၍၊ ဆင်း၍၊ တွန့်၍၊ ချွန်၍၊ ဖြန့်၍၊ ကား၍ နစ်သက်စဖွယ် အဆန်းတကြယ် ထုခြင်း၊ ထွင်းခြင်း၊ ဆက်ခြင်း၊ ပုံသွင်းခြင်း၊ စီခြင်း တို့ပင် ဖြစ်လေသည်။ ထိုမှတစ်ဆင့် ပွား ၍ အကွေးအကော့၊ အခွေအလိပ် အစရှိသော ကနုတ်သဘောသည် နန်းဘီလူးခေါင်း၊ နန်းမျောက်ခေါင်း တို့သို့လည်းကောင်း၊ ဟင်္သာရုပ်၊ ခြသေ့ရုပ် စသည်တို့သို့လည်းကောင်း၊ မင်းမြောက်တန်ဆာ၊ မင်းဝတ်တန်ဆာ၊ ချပ်ဝတ်တန်ဆာ၊ မင်းအဆောင်အရွက်၊ အစီးအနင်း တို့သို့လည်းကောင်း ရောက်လာသည်ဟု ယူအပ်ပါသည်ဟူ၍ ၁၉၈၅ခုနှစ်၊ ဧပြီလထုတ် ပေဖူးလွှာမဂ္ဂဇင်းတွင် ဆရာဇော်ဂျီက ရေးသားခဲ့ဖူးသည်။

ပန်းချီအနုပညာကျောင်းအုပ် ဦးဘသာ၏ အခြေခံကနုတ်ပန်းများ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း မြန်မာကနုတ်ပန်းများ စာအုပ်တွင် အရွက်အမျိုးမျိုးကို အခြေပြုရေးဆွဲထားသော ကနုတ်ပန်းများကို တွေ့ရခြင်းဖြင့် ကြာပန်း၊ ကြာဖူးတို့သာမက အခြားသော ပန်းအမျိုးမျိုးတို့ကို ကွန့်မြူး၍ ကနုတ်ပန်းရေးဆွဲနိုင်ကြောင်းလည်း လေ့လာနိုင်သည်။ ကနုတ်၏အဆင်တန်ဆာကို လေ့လာကြည့်ပါက လှပတင့်တယ်အောင်၊ ပြေပြစ်အောင်၊ ခန့်ညားအောင်၊ ကျက်သရေရှိအောင်၊ မွမ်းမံရခြင်းသဘောကြောင့် ပန်းနှင့်အရုပ်တွဲဖက်ရခြင်းမျိုးရှိသလို၊ အရုပ်ကို ဝိုက်၍၊ ရံ၍၊ ပန်းကနုတ်များများဖြည့်ကာ တန်ဆာဆင်ရခြင်းမျိုးလည်း တွေ့မြင်ရသည်။ ကနုတ်ပန်းများတန်ဆာဆင်ခြင်းသဘောဖြင့် အရိုင်းသည် အယဉ်သဘောဖြစ်လာပြီး အမာသည် အပျော့သဘောဆောင်သွားပါသည်။ ကြောက်မက်ဖွယ်ကောင်းသော ဘီလူးပုံကို ကနုတ်ဖြည့်စွက်လိုက်သောအခါ ကြည့်ရှုချင်စဖွယ်ဖြစ်လာသည်။


## *ကနုတ်၏မူလဇာတိ*

ကနုတ်၏မူလဇာတိမှာ အိန္ဒိယနိုင်ငံဖြစ်သည်ဟု သုတေသီတို့က ဆိုသည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်က အဆောက်အဦးများဖြစ်သော အိန္ဒိယနိုင်ငံမြောက်ပိုင်း စံချီထူပါရုံနှင့် တောင်ပိုင်းရှိ အမရဝတီတန်ဆောင်းတို့တွင် တွေ့နိုင်ပါသည်။ ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သော ကနုတ်တန်ဆာများအဖြစ် မွန်ဘာသာဖြင့် လှဇရွဲခေါ် ညောင်ရွက်ပုံသည် ကနုတ်တန်ဆာ၏ အစကနဦး ဖြစ်ဟန်တူသည်ဟု ဆရာဇော်ဂျီ၏ ပုဂံကနုတ်ပန်းဆောင်းပါးတွင် မှတ်ချက်ချထားပါသည်။

ကနုတ်ပန်း အဆင်တန်ဆာ အနုပညာသည် အိန္ဒိယနိုင်ငံမှ အာရှမြောက်ပိုင်းတွင် ရှေးနီးပေါပြည်၊ တိဘက်ပြည်၊ တရုတ်မှ တဆင့် ဂျပန်နိုင်ငံသို့ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်လောက်က ရောက်ရှိပြီး အာရှတောင်ပိုင်းသို့ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင့်နှစ်ရာလောက်က ရောက်သည်ဟု ဆိုသည်။ ထိုပြည်မှ တဆင့် (သို့မဟုတ်) တိုက်ရိုက် (သို့မဟုတ်) နှစ်မျိုးစလုံးဖြင့် လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်က ပုဂံသို့လည်းကောင်း၊ လွန်ခဲ့သော နှစ်ပေါင်း၇၀၀ခန့်က ယိုးဒယားသို့လည်းကောင်း ရောက်သည်ဟု ဆရာဇော်ဂျီ၏ ပုဂံကနုတ်ပန်းဆောင်းပါးက ဆိုပါသည်။

From: KhunWinNaung877


အမှတ် ၁



ပန်းဖူး–ပုံ

ပန်းဖူးပုံ


အမှတ် – ၂



ပန်းရွက်–ပုံ


ပန်းရွက်ပုံ

**အမှတ် – ၃**




အိမ်စွန်းများတွင် အသုံးပြုသော ပန်းလှပုံ


**အမှတ် – ၄**



ညောင်ရေအိုးတွင် ရှိသော ပန်း ပုံ

ညောင်ရေအိုးတွင် ရှိသော ပန်းပုံ


အမှတ် – ၅



အရွက်ပန်း–ပုံ

အရွက်ပန်းပုံ


အမှတ် – ၆



အရွက်ပန်းတွင် မှန်ကွက်ဝိုင်းခံသော ပန်း–ပုံ

အရွက်ပန်းတွင် မှန်ကွက်ဝိုင်းခံသော ပန်းပုံ


အမှတ် – ၇



အရွက်နှင့် ပန်းလှ–ပုံ

အရွက်နှင့် ပန်းလှပုံ


အမှတ် – ၈



စိန်တောင်ကြာဖူး–ပုံ

စိန်တောင်ကြာဖူးပုံ


အမှတ် – ၉



စိန်တောင်–ပုံ

စိန်တောင်ပုံ


အမှတ် – ၁၀



ငွေဖလားတွင် အသုံးပြုသော အောက်ခံ ကြာပန်း –ပုံ

ငွေဖလားတွင် အသုံးပြုသော အောက်ခံကြာပန်းပုံ


အမှတ် – ၁၁




ငွေဖလားနှုတ်ခမ်းတွင် ထည့်သော ကြိုးလိမ်–ပုံ

ငွေဖလားနှုတ်ခမ်းတွင် ထည့်သော ကြိုးလိမ်ပုံ


အမှတ် – ၁၂



သပြက်ရွက်–ပုံ



သပြက်ရွက်ပုံ




သပြက်ရွက်–ပုံ

## မြန်မာကနုတ်ပန်းမှ အမှတ်(၁၃) သပြက်ရွက် ပုံ

သပြက်ရွက်ပုံ


**အမှတ် – ၁၄**



ကမွတ်ပန်း–ပုံ


ကမွတ်ပန်းပုံ

အမှတ် – ၁၅




ရွက်ခေါက်ပုံ


အမှတ် – ၁၆



ပန်းဖူးနှင့် ပန်းရွက်-ပုံ

ပန်းဖူးနှင့်ပန်းရွက်ပုံ

အမှတ် – ၁၇




ကမ္ဗတ်ပန်း–ပုံ



ကမွတ်ပန်းပုံ

အမှတ် – ၁၈




ပုဂံဆုတောင်းပြည့်ဘုရား စိန်တောင်ပန်း–ပုံ




ပုဂံဆုတောင်းပြည့်ဘုရား စိန်တောင်ပန်းပုံ

**အမှတ် – ၁၉**





မှန်ကူကွက်ကြာပန်းပုံ

**အမှတ် – ၂၀**





ရွက်ဖူးပန်းပုံ

အမှတ် – ၂၁





ရွက်ဆက်ပန်းပုံ

အမှတ် – ၂၂




တိုင်ဖုံးပန်းပုံ


အမှတ် – ၂၃




အိမ်တံစက်မြိတ် အစွန်းတွင် ထည့်သော ပန်းလှ–ပုံ

အိမ်တံစက်မြိတ် အစွန်းတွင် ထည့်သော ပန်းလှပုံ

အမှတ် – ၂၄




ရွက်လိပ်ကြာဖူး–ပုံ




ရွက်လိပ်ကြာဖူးပုံ

အမှတ် – ၂၅




လေ့ကာ၊ အတက်အဆင်း သရက်ကင်း–ပုံ



လေ့ကားအတက်အဆင်း သရက်ကင်းပုံ



မြန်မာ ကနုတ်ပန်း



ပဲခူးမြို့ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်ရာ
တူးဖော်ရာမှရရှိသော ကြေးအပိုင်းအစတစ်ခုမှ ကနုတ်ပန်းလက်ရာ

မြန်မာ ကနုတ်ပန်း


ပုဂံခေတ်ဦး ၁၁ ရာစု


ပုဂံခေတ်လယ်–အေဒီ– ၁၂ ရာစု


ပုဂံခေတ်နှောင်း–အေဒီ– ၁၃ ရာစု


၁၄–၁၅ ရာစု ပထမအင်းဝခေတ်

မြန်မာ ကနုတ်ပန်း


ညောင်ရမ်းခေတ်ဦး – ၁၆ ရာစု


ကုန်းဘောင်ခေတ်ဦး
အေဒီ ၁၈ ရာစု


အမရပူရခေတ်
အေဒီ ၁၈ရာစုနှောင်းကနုတ်


ရတနာပုံခေတ်ကနုတ်

မြန်မာ ကနုတ်ပန်း



ပုဂံ အာနန္ဒာအုတ်ကျောင်းအနီး
ဒုန်ကျောင်းမှထောင့်ကိန္နရီပန်းပုပန်း



ပုဂံခေတ်၊ ပုထိုးသားများ
လိုဏ်ဆေးရေးပန်းချီ
လှေပုံထိပ်ဦးနဂါး

မြန်မာ ကနုတ်ပန်း



မုတ္တမမြို့ ၉၁၆ ခုနှစ် မြသိန်းတန်
ဘုရားတံကဲမုခ်မှ ကနုတ်ပန်း



ညောင်ဦးမြို့ရွှေစည်းခုံဘုရား၏
ဘုရင့်နောင်မင်းတရား၏
ခေါင်းလောင်းမှ ပန်းတည်း
ကနုတ်ပန်း

မြန်မာ ကနုတ်ပန်း




တောင်ငူ မြစည်းခုံဘုရားပြတိုက်ရှိ အုတ်ခွက်မှကနုတ်ပန်း

မြန်မာ ကနုတ်ပန်း



ပုဂံခေတ်ဂူဘုရားများမှ နံရံဆေးရေးပန်းချီကနုတ်

မြန်မာ ကနုတ်ပန်း



ကနုတ်ပန်း၊ အာနန္ဒာအုတ်ကျောင်းပုဂံ၊ ၁၈ – ရာစု


မြန်မာ ကနုတ်ပန်း



မြင်းကပါးရွာ၊ ဂူပြောက်ငယ် ဘုရားအနောက်တောင်ဘက် ခွန်ပေါ်ရှိ ဂူငယ်၏အရှေ့မုခ် စလစ်အင်္ဂတေပန်းများ



ယင်းဂူ၏ထောင့်တိုင်ဖုံးနှင့် ပန်းဆွဲအင်္ဂတေပန်းများ



မြသိန်းတန်ဘုရားမှ မုခ်တံ အင်္ဂတေပန်း၏ အမျိုးမျိုး၏ဟန်

မြန်မာ ကနုတ်ပန်း



ရှေးခေတ် ဟင်္သာကနုတ်



ရှေးခေတ် ဟင်္သာကနုတ်




ရှေးခေတ် ဟင်္သာကနုတ်




ကုန်းဘောင်ခေတ် ဒေါင်းကနုတ်




အမရပူရခေတ် ဒေါင်းကနုတ်




ရတနာပုံခေတ် ဒေါင်းကနုတ်




## မြန်မာကနုတ်ပန်းမှ ခြင်္သေ့ကနုတ်





## မြန်မာကနုတ်ပန်းမှ ခြင်္သေ့ကနုတ်




## မနုသီဟ ကနုတ်




ရှေးခေတ်နဂါးကနုတ်



Stucco Garuda, Yadanapon Period

ဂဠုန် ကနုတ်



Mural at cave, Ave Pariod

Wood Carving and applique, Yatanapon Period


မြန်မာ ကနုတ်





ကိန္နရာ ကနုတ်




ဘီလူးပုံ နှင့် ကိန္နရာ




ဘီလူး ကနုတ်



မြန်မာ ကနုတ်




Stucco, Amarapura Period

Wood Sculpture, Amarapura Period

Copper Kinnara, Amarapura Period

Wood Sculpture, Yatanapon Period

မြန်မာ ကနုတ်







အားလုံးပဲ အဆင်ပြေနိုင်ကြပါစေ

အဆင်မပြေမှုများရှိသဖြင့် အကြံပေးလိုပါက minayeik@gmail.com ကို ဆက်သွယ်နိုင်ပါတယ်။